

© ဟယ်ရီ အန်ဒါဆန်/ဖောက်ပြန်သောအမျိုးသမီး /လိုင်စင်ဖြင့် GoodSalt.com၊ အသက်ရေ ပုံ ဆိုင်မွန် ဒွေဝေး သူတို့ထက် ကျွန်ုပ်ကို ပိုချစ်သလော? ပုံ ဒေးဗစ် လင်ဆေး

# ကျွန်တော်ကတစုံတယောက် ပြောင်းလဲဖို့ ကူညီပေးရမလား

*ဟုတ်တယ်။ ဒါပေမယ့် သင့်ရဲ့အခန်း ကဏ္ဍက သင်ထင်ထားတာနဲ့ ခြားနားနိုင်တယ်။*

ပြောင်းလဲနိုင်ဖို့စွမ်းရည်နဲ့အတူကျွန်တော်တို့ကိုဖန်ဆင်းခဲ့သည်။ ကျွန်တော်တို့ အသက်ရှင်ရခြင်း ရည်ရွယ်ချက်က  အံ့ဖွယ်အလားအလာအလာတွေ ကြီးထွားရန်ဖြစ်သည်။ ကျွန်တော်တို့ ၏ အဆုံးမရှိ အမှုတော်ထမ်းဆောင်ခြင်း ရည်ရွယ်ချက်သည် ခရစ်တော်ထံတွင် ခိုလှုံရန်နှင့် ကိုယ်တော်ပြန်လည် အတူနေထိုင်ရန် ကူညီခြင်းဖြစ်သည်။ ဒါပေမဲ့သူတို့ရွေးချယ်မှုကြောင့်ဘုရားသခင်လိုဖြစ်လာရန်ကူညီခြင်းအခြေအနေကကန့်သတ်မှုများဖြစ်လာသည်။

သူတစ်ပါးကို သူတို့ကိုယ်တိုင်ပြောင်းလဲဖို့ကူညီရန်နှင့်ကယ်တင်ရှင်လိုဖြစ်ရန် ခွန်အားဖြစ်စေသောသင်ခန်းစာ ၇ချက်ဖြစ်သည်။

၁။ ပြောင်းလဲခြင်းအတွက်ဖိတ်ခေါ်ရန်မကြောက်ပါနဲ့
ကယ်တင်ရှင်က အခြားသူတွေကိုနည်းလမ်းဟောင်းများကိုထုတ်ပယ်ပြီး ကိုယ်တော်၏သင်ကြားခြင်းများကို လက်ခံဖို့ဖိတ်ခေါ်ရန် မကြောက်ရွံ့ခဲ့ပါ။ သူက ပေတရု၊ ယာကုတ်တို့အား သူတို့၏အလုပ်ကို စွန့်ပစ်ရန် ပြီးတော့ "လူကိုဖမ်းသောတံငါဖြစ်ရန်" ဖိတ်ခေါ်ခဲ့သည် (မာကု ၁:၁၇) သူကဖောက်ပြန်သော အမှုတွင်ပါသော မိန်းမကိုထွက်သွားရန် နောက်ထပ်အပြစ်ထပ် မလုပ်ရန်ဖိတ်ခေါ်ခဲ့သည် (ယောဟန် ၈:၁၁) သူက ငယ်ရွယ်ပြီး ချမ်းသာသောလူငယ်လေး၏ ပိုင်ဆိုင်သောအရာများကို စွန့်လွှတ်ပြီး သူ့နောက်လိုက်လျှောက်ရန်ဖိတ်ခေါ်ခဲ့သည် (ကြည့်ရန် မာကု ၁၀:၁၇–၂၂) ကျွန်တော်တို့ကလည်း သူတပါးကို ကိုယ်တော်ထံလိုက်ရန်ဖိတ်ခေါ်ခြင်းအားဖြင့် ရဲရင့်ခြင်း၊ချစ်ခြင်းတရားများကို ထပ်တူခံစားရသည်။

၂။ ၂။ သူတို့၏ရွေးချယ်မှုဟာ ပြောင်းလဲခြင်းဖြစ်ကြောင်း
ကယ်တင်ရှင်ဖိတ်ခေါ်သော ပြောင်းလဲခြင်းက မဖြစ်မနေလုပ်ရမယ်မဟုတ်၊ ကယ်တင်ရှင်က သင်ကြားခဲ့တယ် ဖိတ်ကြားခဲ့တယ်၊ ဒါပေမယ့် ဖိအားမပေးခဲ့ဖူး၊ ငယ်ရွယ်ပြီး ချမ်းသာသော လူငယ်လေးက ဝမ်းနည်းကြေကွဲစွာဖြင့် ထွက်ခွာခဲ့သည် (ရင်မသဲ၉:၂၂)၊ ကပေရနောင်မြို့တွင် ကိုယ်တော်၏ တပည့်များကပြန်သွားရန်ရွေးချယ်ခဲ့တယ် ပြီးတော့ သူကတမန်တော် ဆယ်နှစ်ယောက်ကိုထွက်ခွာရန် ပြောခဲ့သည် (ကြည့်ရန် ယောဟန် ၆:၆၆–၆၇)။ ဗတိဇံဆရာယောဟန်၏ အချို့သောနောက်လိုက်များသည် ကယ်တင်ရှင်နောက်လိုက်ရန်ရွေးချယ်ပြီး၊ အခြားသူတွေကတော့ မရွေးချယ်ခဲ့ဘူး (ကြည့်ရန် ယောဟန် ၁:၃၅–၃၇; ၁၀:၄၀–၄၂)။ ကျွန်တော်တို့က အခြားသူတွေကို ကိုယ်တော်လိုဖြစ်ရန် ဖိတ်ခေါ်နိုင်ပေမယ့် သူတို့၏ရွေးချယ်မှုကိုတော့ ကျွန်တော်တို့ မဆုံးဖြတ်နိုင်ပါဘူး ပြီးတော့သူတို့ပြောင်းလဲဖို့ မရွေးချယ်ရသေးဘူးဆိုရင် လက်မလျှော့သင့်ဖူး-ကိုယ့်ကိုကိုယ်ကျရှုံးတယ်လို့လည်း မခံစားသင့်ဘူး။

၃။ အခြားသူတွေကို ပြောင်းလဲနိုင်ရန်ဆုတောင်းပါ
ကိုယ်တော်၏ ဝေခွဲမရသော ဆုတောင်းချက်မှာ၊ ယေရှုက သူ၏တပည့်များသည် မကောင်းဆိုးဝါးများကိုကယ်တင်နိုင်မလား

သူလိုဖြစ်လာနိုင်မလား အိုအဖ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ဖြင့်ပြည့်နေမလားဟု ဘုရားသခင်အားမေးခဲ့သည်(ရှာရန်ယောဟန် ၁၇: ၁၁၊ ၂၁-၂၃. ၂၆) ပေတရုက သူ၏ တာဝန်ပြီးမြောက်အောင်လုပ်ဖို့ခွန်အား လိုအပ်နေတာကိုသိသောအခါ ကယ်တင်ရှင်ကသူ့အတွက်ဆုတောင်းပေးခဲ့ တယ် (ရှာရန် လုကာ ၂၂ : ၃၂ ကျွန်ုပ်တို့၏ဆုတောင်းချက်များက အခြားသူ များကိုပြောင်းလဲမှု ဖြစ်နိုင်ပါတယ် (ယာကုပ် ၅ : ၁၆)

၄။ သူတို့ကို ကိုယ်တော်၏ အစွမ်းကိုအားကိုးဖို့သင်ပေးပါ။
ကျွန်ုပ်တို့က အမှန်တကယ်ပြောင်းလဲဖို့နှင့် ဘုရားသခင်၏ အံ့ဩဖွယ်အလားလာဆီကိုကြီးထွားရန် ကယ်တင်ရှင်အား ဖြင့်သာဖြစ်နိုင်တယ်။ ယေရှုက၊"ငါသည် လမ်းခရီးဖြစ်၏၊ သမာတရားလည်းဖြစ်၏၊ ငါ့ဆီသို့မလာလျှင် ဘယ်သူမှ ခမည်းတော်ထံသို့ မရောက်ရ"။ (ယောဟန်၁၄:၆) "အားနည်းနေသော အရာများကို သန်မာလာအောင်လုပ်ပေးနိုင်တာက" ကိုယ်တော်၏ အစွမ်းဖြစ်တယ် (ဒေသ ၁၂:၂၇) ကိုယ်တော်၏ အပြစ်ဖြေခြင်းစွမ်းအားကို ယုံကြည်ခြင်းသည် အယ်မာအငယ်ကဲ့သို့ ပြောင်းလဲဖို့ဖြစ်ခဲ့တယ် (ရှာရန် အယ်မာ ၃၆:၁၆-၂၃) ကျွန်ုပ်တို့ကအခြားသူများကို ကယ်တင်ရှင်သို့ မှီခိုဖို့သင်ကြားပေးခြင်းသည် ကိုယ်တော်၏ မွမ်းမံနိုင်စွမ်းကို သူတို့၏ဘဝမှာ ရရှိစေနိုင်တယ်။

၅။ သူတို့ ကို ပြောင်းလဲလာနိုင်သလို ဆက်ဆံပါ
အချစ်နှင့် လက်ခံခြင်းက ပြောင်းလဲမှု၏အားကောင်းတဲ့ ရွေးချယ်မှု ဖြစ်နိုင်ပါတယ်။ ရေတွင်းမှာရှိသောအမျိုးသမီးသည် သူမ၏ခင်ပွန်းမဟုတ်သောသူနှင့် အတူနေခဲ့ဖူးသည်။ ယေရှုခရစ်တော်၏တပည့်များသည် ကိုယ်တော်က "ထိုမိန်းကလေးနှင့် စကားပြောသည်ကိုအံ့သြကြ၏" (ယောဟန် ၄:၂၇) ဒါပေမယ့် ယေရှုက သူမဘာဖြစ်လာမလဲကိုပဲ ပိုပြီးဂရုစိုက်ခဲ့တယ်။ ကိုယ်တော်က သူမကိုသင်ပေးခဲ့ပြီး သူမလုပ်ခဲ့တာကိုပြောင်းလဲဖို့ အခွင့်ရေးပေးခဲ့တယ်။ (ရှာရန် ယောဟန် ၄:၄-၄၂)
ကျွန်ုပ်တို့ကအခြားသူများကို သူတို့ဖြစ်လာခဲ့သလို မျိုး ဆက်ဆံတာထက် ဖြစ်နေတာကို တားဆီးနိုင်ပါတယ်။ ကျွန်ုပ်တို့က အတိတ်က အမှားများကို မေ့ပစ်ပြီး ခွင့်လွှတ်နိုင်ပါတယ်။ ကျွန်ုပ်တို့က အခြားသူများကို ပြောင်းလဲနိုင်တယ်လို့ ယုံကြည်နိုင်တယ်။ ကျွန်ုပ်တို့က သူတို့ကိုယ်တိုင် မမြင်နိုင်တဲ့ ကောင်းတဲ့အရာတွေကို ညွှန်ပြပြီးအားနည်းချက်တွေကို ကျော်လွှားကြည့်နိုင်ပါတယ်။ကျွန်ုပ်တို့ကအခြားသူများကို သူတို့ဖြစ်လာခဲ့သလိုမျိုး တစ်ယောက်ချင်းဆီကိုမြင်ဖို့တာဝန်ရှိတယ်၁[1]

၆။ သူတို့၏ ကိုယ်ပိုင်အလျင်ဖြင့် သွားခွင့်ပေးပါ
ပြောင်းလဲခြင်းက အချိန်ကြာနိုင်ပါတယ်။ ကျွန်ုပ်တို့က ပြည့်စုံခံရတဲ့အထိ သည်းခံမှုဆက်ရှိရမည်။ဩဂါဒနှင့် ပဋိညာဉ်များ ၆၇:၁၃ ယေရှုသည် အခြားသူများအပေါ် သည်းခံပြီးတော့ သူ့ကိုဆန့်ကျင်တဲ့သူများကို ဆက်သင်ကြားပေးခဲ့ပြီးတော့ အဖ ဘုရားသခင် ပေးအပ်ထားတဲ့သူ၏တာဝန်ကို သက်သေခံပြီးတော့ သူတို့၏ မေးခွန်းများကို အဖြေပေးခဲ့တယ်။(ရှာရန် ရှင်မသဲ ၁၂:၁-၁၃ ယောဟန် ၇:၂၈-၂၉) ကျွန်ုပ်တို့က အခြားသူများအပေါ် သည်းခံပြီးတော့ သူတို့ကိုယ်တိုင် သည်းခံမှုရှိဖို့ အားပေးနိုင်ပါတယ်။

၇။ သူတို့၏လမ်းဟောင်းကို ပြန်ရောက်ခဲ့ရင် လက်မလျှော့ပါနဲ့။
ခရစ်တော်သေဆုံးပြီးနောက် ပေတရုနှင့်သူ၏ အခြားတမန်တော်အချို့တောင် သူတို့ရင်းနှီးခဲ့တဲ့ အရာဆီကို ပြန်သွားခဲ့တယ် (ရှာရန် ယောဟန်၂၁:၃) ခရစ်တော်က ပေတရုကို ကိုယ်တော်၏သိုးကို အစာကျွေးဖို့သတိပေးခဲ့တယ်(ရှာရန် (ယောဟန်၂၁:၁၅-၁၇) ပြီးတော့ ပေတရုက အမှုတော် ပြန်ထမ်းဆောင်ခဲ့တယ်။ လမ်းဟောင်းများကိုပြန်ဖို့ အလွန်လွယ်ကူနိုင်ပါတယ်။ ကျွန်ုပ်တို့က ကယ်တင်ရှင်နောက်သို့ဆက်လိုက်ရန်ဖိတ်ခေါ် ခြင်း၊နူးညံ့သော အားပေးခြင်းများကို ဆက်လက်ထောက်ခံပြီး ကိုယ်တော်လို ဖြစ်လာဖို့အားပေးနိုင်ပါတယ်။

## အခြားသူများကိုကြီးထွားဖို့ခွင့်ပြုပါ။

တမန်တော် ၁၂ပါး အဖွဲ့ဝင် အယ်ဒါ ဂျက်ဖရေး အာ ဟော်လန်က အခြားသူများကို ကြီးထွားဖို့ ခွင့်ပြု ခြင်းအကြောင်းပြောပြခဲ့တယ် "တစ်ခါတုန်းက လူငယ်တစ်ယောက် သူ၏ကျောင်းမှာ နှစ်ပေါင်းများစွာ အစခံခဲ့ရတာကို ကျွန်တော်ကို ပြောပြခဲ့တယ်" သူ့မှာ ဆိုးကျိုးအချို့ ရှိခဲ့ပြီးတော့ သူ့အဖော်တွေ အတွက်သူ့ကို စနောက်ဖို့ လွယ်ကူခဲ့တယ်။ သူ့ဘဝ နောက်ပိုင်းမှာ ထွက်သွားခဲ့တယ်။ နောက်ပိုင်းမှာ သူကစစ်တပ်ထဲဝင်ခဲ့ပြီးတော့ ပညာသင်ကြားခါ အတွေ့အကြုံကောင်းအချို့ ရခဲ့ပြီးသူ့ရဲ့ အတိတ်ဟောင်းကို မေ့ပစ်နိုင်ခဲ့တယ်။ နောက်ပိုင်းမှာ စစ်တပ်ထဲမှာအလုပ်များစွာလုပ်ခဲ့သောကြောင့်အသင်းတော်၏အလှတရားနဲ့မြင့်မြတ်ခြင်းကိုတွေ့ရှိခဲ့ပြီး တက်ကြွကာပျော်ရွှင်လာခဲ့တယ်။

ထို့အပြင် နောက်နှစ်ပေါင်းများစွာ ကြာပြီးနောက် သူ့မွေးရပ်ကို ပြန်ခဲ့တယ်။ သူ၏ အဖော်အများစုက မေ့ခဲ့ကြပေမဲ့ အကုန်လုံးတော့ မဟုတ်ဘူး။ တမန်တော် ၁၂ပါး အဖွဲ့ဝင် အယ်ဒါ ဂျက်ဖရေး အာ ဟော်လန်က အခြားသူများကို ကြီးထွားဖို့ ခွင့်ပြု ခြင်းအကြောင်းပြောပြခဲ့တယ် "တစ်ခါတုန်းက လူငယ်တစ်ယောက် သူ၏ကျောင်းမှာ နှစ်ပေါင်းများစွာ အစခံခဲ့ရတာကို ကျွန်တော်ကို ပြောပြခဲ့တယ်" သူ့မှာ ဆိုးကျိုးအချို့ ရှိခဲ့ပြီးတော့ သူ့အဖော်တွေ အတွက်သူ့ကို စနောက်ဖို့ လွယ်ကူခဲ့တယ်။ သူ့ဘဝ နောက်ပိုင်းမှာ ထွက်သွားခဲ့တယ်။ သူ၏မွေးရပ်မြေကသူတွေအတွက်ကတော့ သူဟာ အရင်က သူပါပဲ။

တဖြေးဖြေး နောက်မှာ ရှိသော အရာတွေကို ကျန်ခဲ့ပြီးတော့ဘုရားသခင်က သူ့အရှေ့ကိုချပေးခဲ့သောဆုကိုကိုင်ဖို့ ထိုသူ၏ပေါလုလို လုံ့လပျောက်ကွယ်ပြီး လူငယ်ဘဝကလိုပဲ သေဆုံးခဲ့တယ်၊ သူ၏ အနာဂတ်ထက် အတိတ်ကို ပိုပြီးစိတ်ဝင်စားသူတို့ ၏ ပြန်လည် ဂန်းရုံခံရခြင်းကအလွန်ပင် ဝမ်းနည်းဖို့ကောင်းလှသည်။ သူတို့သည် ခရစ်တော် က သူ့ကိုနားလည်လို့ သူ၏သဘောပေါက်ခြင်းကို ဖယ်ရှားဖို့ စီစဉ်ခဲ့ကြသည်။ ပြီးတော့ သူဟာ အမှားအနည်းငယ်ရှိသော်လည်းပဲ ဂမ်းနည်းစွာဖြင့် သေဆုံးခဲ့တယ်။

*အခြားသူများကို နောင်တရခွင့်ပေးပါ အခြားသူများကို ကြီးထွားခွင့်ပေးပါ။ လူတွေကပြောင်းလဲပြီးတိုးတက်နိုင်တယ်လို့ ယုံကြည်ပါ။၂*

### လုပ်ဆောင်ဖို့ ဖိတ်ခေါ် ပါ။

အခြားသူများကို ကယ်တင်ရှင်လို ဖြစ်လာရန် ဒီအပတ်မှာ သင်အခြားသူတွေကို ဘယ်လိုကူညီပြောင်းလဲဖို့ အားပေးထောက်ပံ့ပေးနိုင်သလဲ။

**မှတ်စုများ**

၁။ သောမတ်စ် ဆက်စ် မွန်ဆန်,"အခြားသူများကိုဖြစ်လာဖို့မြင်ပါ" လီယာဟိုနာနိုဝင်ဘာ၂၀၁၂၊၇၀။
၂။ ဂျက်ဖရေး–အာ.ဟော်လန်၊ "အကောင်းဆုံးက ဖြစ်လာတော့မယ်" ယာဟိုနာ ဇန်နဝါရီလ ၂၀၁၀၊ ၁၉၊ ၂၀။

© 2019 by Intellectual Reserve, Inc. All rights reserved. အင်္ဂလိပ်ဘာသာဖြင့် ထောက်ခံချက် ၆/၁၈။ ဘာသာပြန် ထောက်ခံချက် ၆/၁၈ ၏ ဘာသာပြန်ခြင်း *Ministering Principles*၊ ဩဂုတ်လ ၂၀၁၉ ခုနှစ်။ ဗမာဘာသာ 15769 256